


စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# လူထုစိန်ဝင်း

# အရှက်နှင့်တန်ဖိုး

တတိယအကြိမ်

mgyoe.com

mgyoe.com

# လူထုစိန်ဝင်း

## အရှက်နှင့်တန်ဖိုး

LHS0001
1,000.00 KS
mgyoe.com

mgyoe.com

အရှက်နှင့်တန်ဖိုး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်- ၄၀၀၄၇၂၀၅၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၄၀၀၅၉၅၀၆၁၀ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ၁၆၄လမ်း၊ ရန်ကုန်တို့က တတိယအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ တွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချစ် - ကိုမြင့်

၁၇၇

စိန်ဝင်း ၊ လူထု

အရှက်နှင့်တန်ဖိုး / လူထုစိန်ဝင်း ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၉၁ မျက်နှာ၊ ၁၀.၅ စင်တီ× ၁၇ စင်တီ

(၁) အရှက်နှင့်တန်ဖိုး

mgyoe.com

mgyoe.com

ကရုဏာမိခင်၊ မေတ္တာမိခင်နှင့်
ကျက်သရေရှိလှတဲ့ လူသား

mgyoe.com

mgyoe.com

# (တစ်)

## လေပြင်းထဲက ဖယောင်းတိုင်ကလေး

နှုတ်ဆက်လိုက်ပါတယ် အင်္ဂလန်ရဲ့ နှင်းဆီပန်းလေးရေ...
တို့များရဲ့ နှလုံးသားမှာ အမြဲထာဝရ ရှင်သန်နေပါစေ။
အခုတော့ မင်းကို ကောင်းကင်ဘုံက ပိုင်ဆိုင်သွားပြီ။
ကြယ်ကလေးတွေက မင်းနာမည်ကို ဟစ်ကြွေးနေကြတယ်။
မင်းဟာ လေပြင်းထဲက ဖယောင်းတိုင်ကလေးလို နေခဲ့တယ်
လို့ ငါက ထင်မြင်နေမိတယ်။
မိုးကျလာတဲ့အခါမှာ
နေဝင်ချိန်နဲ့အတူ မင်းမေးမှိန်ကွယ်ပျောက်မသွားခဲ့ဘူး။
မင်းရဲ့ခြေရာလေးတွေ ဟောဒီနေရာမှာ အမြဲကျန်နေလိမ့်
မယ်။
အင်္ဂလန်ရဲ့ အစိမ်းလန်းဆုံး တောင်တန်းကြီးတွေ
တစ်လျှောက်မှာပေါ့။
မင်းရဲ့သမိုင်းက ဆိတ်သုဉ်းမသွားခင်မှာ
မင်းရဲ့ဖယောင်းတိုင်လေးက လောင်ကျွမ်း ချုပ်ငြိမ်းသွား
မှာပါ။

mgyoe.com

mgyoe.com


မင်းရဲ့အပြုံးတွေ မရှိတော့တဲ့ အချည်းနှီး နေ့ရက်တွေမှာ
ချစ်ခင်နှစ်သက်ခြင်းကို တို့များ ဆုံးရှုံးခဲ့ရပေါ့။
တို့အမျိုးသားရဲ့ ရွှေရောင်ရင်သွေးငယ်အတွက်
ဟောဒီ မီးရှူးတိုင်ကို တို့အမြဲသယ်ဆောင်သွားကြမယ်။
ဘယ်လိုပင် ကြိုးစားပေမဲ့
အဖြစ်မှန်တွေက တို့ကို မျက်ရည်တွေ ဝေနေစေခဲ့တယ်။
နှစ်ပရိစ္ဆေဒပေါင်းများစွာ တို့ကို မြူးထူးရွှင်လန်းစေခဲ့တာ
တွေကို စကားလုံးတွေနဲ့ ဖော်ထုတ်ဖို့ မတတ်နိုင်ခဲ့ဘူး။
မင်းသိတာထက်တောင် အများကြီးပိုပြီး
မင်းရဲ့ကရုဏာတောင်ပံတွေကို တသသ ဖြစ်နေကြမယ်။
မင်းရဲ့ဝိညာဉ်ကို ဆုံးရှုံးခဲ့ရတဲ့ တိုင်းပြည်က
နှုတ်ဆက်လိုက်ပါတယ် အင်္ဂလန်ရဲ့နှင်းဆီပန်းလေးရေ...။

တစ်လုံးစီထွက်လိုက်၊ အတွဲလိုက် လှိမ့်လိုက်နဲ့ လှိုင်းတစ်ခုလို ငြိမ့်ခုန်နေတဲ့ စန္ဒရားသံနဲ့အတူ လှိုက်မောဖွယ် သီချင်းသံက ဝတ်ကျောင်းတော်ကြီးအတွင်းမှာ လွင့်မျောလို့။ ဝတ်ကျောင်းတော်ကြီးမှာ ရှိနေကြတဲ့ လူပေါင်း (၂၀၀၀) ဟာ အသက်ရှူဖို့တောင် မေ့ပြီး သီချင်းသံထဲမှာ နစ်မြောနေကြလို့။

သီချင်းသံလို့ ပြောလိုက်ရပေမဲ့ တကယ်တော့ သီချင်းဆိုသံ မဟုတ်ပါဘူး။ ကြေကွဲနေတဲ့ နှလုံးသားက မချိတင်ကဲ ငိုညည်းနေတဲ့ ငိုသံ၊ ရှိုက်သံပါ။ လွမ်းမောဆွတ်ပျံ့ဖွယ်ရာ နှလုံးသားတွေရဲ့ ငိုကြွေးသံပါ။

mgyoe.com



၁၉၉၆ ခုနှစ် ပါကစ္စတန်မှာ
သနားစဖွယ်ကလေးငယ်နှင့် ဒိုင်ယာနာ

mgyoe.com
mgyoe.com

mgyoe.com


သီချင်းကို ကြီးစွာသော အားထုတ်ခြင်းနဲ့ သီဆိုနေတဲ့ အဆိုတော် အယ်လ်တန်ဂျွန်ရဲ့ အသံဟာ ဝါရင့်ကျွမ်းကျင်တဲ့ ဂီတပညာရှင်တစ်ဦးပီပီ သူ့ရဲ့မူလပင်ကိုသံအတိုင်း ပီပီ သသ ကြည်ကြည်မြမြ ထွက်လာနေပါတယ်။ တုန်သွားတာ နစ်သွားတာမျိုး မရှိပါဘူး။ ပုံမှန်ပါပဲ။

ဒါပေမဲ့ စန္ဒရားခုံမှာ ထိုင်ရင်း အလွမ်းတေးကို ဟစ်ကြွေး သီကျူးနေတဲ့ သူ့မျက်နှာကတော့ ဆွေးမြည့်တမ်းတ ယူကျုံးမရ ဖြစ်နေတဲ့အသွင်ကို ဆောင်နေတယ်။ မျက်မှန်ထူထူကြီးရဲ့နောက်က သူ့မျက်လုံးတွေထဲမှာ မျက်ရည်တွေ ဝေနေတာကို မမြင်ရပေမဲ့ သူ့မျက်နှာက သူမျက်ရည်မကျဘဲ ငိုကြွေးနေတယ်ဆိုတာကို သိသာစေတယ်။

သူတင်လားဆိုတော့ မဟုတ်ပါဘူး။ ဝတ်ကျောင်းတော်ကြီးတွင်း ရောက်ရှိနေကြတဲ့ ဂုဏ်သရေရှိ မင်းယောက်ျား၊ မင်းမိန်းမ အားလုံးရဲ့ မျက်နှာတွေကလည်း သူတို့ ရင်ထဲမှာ ရှိုက်ငင်ငိုကြွေးနေကြတယ်ဆိုတာ ထင်ထင်ရှားရှား ပြနေပါတယ်။ တချို့က ရာဇဏ္ဍန္ဒြေကိုတောင် မငဲ့နိုင်တော့ဘဲ ပဝါဖြူနဲ့ မျက်လုံးထောင့်စွန်းကို တို့နေတာကို မြင်နေရပါတယ်။

"နှုတ်ဆက်လိုက်ပါတယ် အင်္ဂလန်ရဲ့ နှင်းဆီပန်းကလေးရေ" လွမ်းတေးကို သီဆိုသူက ဒီအပိုဒ်ကလေးကို သီဆိုလိုက်တာနဲ့ ကျွမ်းကျင်တဲ့ ကင်မရာဆရာဟာ ကင်မရာကို ဖျတ်ခနဲ တစ်ဖက် လှည့်လိုက်တယ်။ မြင်ကွင်းထဲမှာ

mgyoe.com

mgyoe.com


ပေါ်လာတာကတော့ မျက်နှာကိုင့်ပြီး လက်ဖဝါးနှစ်ဖက်ပေါ် မှောက်ထားရင်း အသံတိတ် ရှိုက်ငိုနေတဲ့ ဆယ့်သုံးနှစ်သား လေး။ အင်္ဂလန်ရဲ့ ရင်သွေးရဲ့ ရင်သွေးလေး။

ဆယ့်သုံးနှစ်အရွယ် ရှိနေပြီဖြစ်တဲ့ မင်းသားလေး ဟယ်ရီဟာ လူမြင်ကွင်းမှာ ရာဇဣန္ဒြေကို တစ်လျှောက်လုံး ထိန်းထားနိုင်ခဲ့တယ်။ သူ့မယ်တော်ရဲ့ ရုပ်ကလာပ်ကို တင် ဆောင်ထားတဲ့ အမြောက်တင်လှည်းရဲ့ နောက်က ဖြည်း ဖြည်းချင်း လျှောက်လှမ်းပြီး လိုက်ပါခဲ့တုန်းကလည်း သူ မျက်ရည်ကျမပြခဲ့ဘူး။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ တန်း စီရပ်ကြည့်နေကြတဲ့ လူအထောင်အသောင်းတို့ဆီက မချုပ် တည်းနိုင်လို့ ထွက်လာတဲ့ ငိုသံတွေကို နားထဲမှာ ကြားနေ ရပေမဲ့ ဟယ်ရီကလေးဟာ ဣန္ဒြေမပျက်ခဲ့ဘူး။ မဟာဆီ မဟာသွေးတို့ရဲ့ ရာဇအိန္ဒြေကို ထိန်းသိမ်းထားနိုင်ခဲ့တယ်။

စက်တင်ဘာ ၁၁ ရက်နေ့၊ ကြာသပတေးနေ့က ဘားလ်မော်ရယ် နန်းတော်ထဲက ဝတ်ကျောင်းထဲမှာ ဝတ်ပြု ဆုတောင်းပွဲလုပ်ပြီး ပြန်ထွက်လာတော့ နန်းတော်တံခါးဝရဲ့ အပြင်မှာ သွားလေသူအတွက် ပန်းစည်းတွေ အစုလိုက် အပုံလိုက် ဖြစ်နေတာကို ရပ်ကြည့်နေတုန်းက ဟယ်ရီ ကလေးဟာ ရင်ထဲမှာ ဆို့တက်လာပုံရတယ်။ ရုတ်တရက် သူ့ဖခင်ရဲ့ လက်ကိုလှမ်းပြီး ဆုပ်ကိုင်လိုက်မိတယ်။ သူ့ ဖခင်က သားငယ်ရဲ့ လက်ကလေးကို အချိန်အတော်ကြာ ဆုပ်ကိုင်ထားလိုက်တယ်။ မဟာဆီမဟာသွေးတို့ရဲ့ ထုံးစံက

mgyoe.com

mgyoe.com


လူမြင်ကွင်းမှာ စိတ်လှုပ်ရှားမှု ပြလေ့မရှိကြဘူး။ ဣန္ဒြေနဲ့ သိက္ခာနဲ့ တည်တည်ကြည်ကြည် နေပြကြရတယ်။

မင်းသားလေး ဟယ်ရီနဲ့ သူ့ခမည်းတော် ချားလ် မင်းသားတို့ လက်ချင်းဆုပ်ပြီး ရပ်နေကြတဲ့ပုံကို နောက်တစ်နေ့ သတင်းစာတွေမှာ ဖော်ပြထားကြတယ်။

ကြေးမုံသတင်းစာက

"စိတ်ချရတဲ့ လက်ထဲမှာ"

ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး ဖော်ပြခဲ့တယ်။ ဆန်းသတင်းစာကတော့

"ဖေဖေ့ရဲ့ မေတ္တာလက်"

လို့ ခေါင်းစဉ် တပ်ထားတယ်။

ကလေးသာသာ အရွယ်လေးတွေ ဖြစ်ပေမဲ့ အဖြစ်ဆိုးကြီးကို၊ မိတဆိုးဘဝ ရောက်ခဲ့ရတဲ့အဖြစ်ကို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ ရင်ဆိုင်နိုင်ကြတဲ့ မင်းသားလေးဟယ်ရီနဲ့ သူ့နောင်တော် ဝီလျံ (၁၅နှစ်) တို့ကို သတင်းစာတွေက ဝိုင်းပြီး ချီးကျူးခဲ့ကြတယ်။

ဒါပေမဲ့

"နှုတ်ဆက်လိုက်ပါတယ် အင်္ဂလန်ရဲ့ နှင်းဆီပန်းလေးရေ"လို့ ဆိုလိုက်တဲ့ သူ့မယ်တော်ရဲ့ ချစ်မိတ်ဆွေကြီး အသံကို ကြားရတော့ သူထိန်းထားလို့ မရတော့ဘူး။ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ကျိတ်ရှိုက်လိုက်မိတော့တယ်။

အင်္ဂလန်နိုင်ငံရဲ့ အထွတ်အမြတ်ထားရာ ဝက်စ်မင်စတာ ဝတ်ကျောင်းတော်ကြီးထဲမှာ အစဉ်အလာမရှိခဲ့တဲ့

mgyoe.com

mgyoe.com


ရှောခ်အဆိုတော်တစ်ဦး သီချင်းဆိုခွင့်ပြုတာကို မနှစ်မြို့ခဲ့ကြတဲ့ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ ဝင်ဆာနန်းတော်ကြီးထဲက တော်ဝင်မိသားစုတွေ အားလုံးပါ အခုတော့ အယ်လ်တန်ဂျွန်ရဲ့ နှလုံးသားထဲက တေးသံမှာ နစ်မြောနေကြတယ်။

အယ်လ်တန်ဂျွန်ကို သူ့မယ်တော်ရဲ့ ဈာပနမှာ သီချင်းဆိုစေဖို့ သားတော်အကြီး ဝီလျံမင်းသားက တောင်းဆိုခဲ့တာဖြစ်တယ်။ အယ်လ်တန်ဂျွန်ဟာ သူ့မယ်တော် ဝေလနယ်ရဲ့ သခင်မ ဒိုင်ယာနာမင်းသမီးနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေကြီးတစ်ယောက် ဖြစ်တယ်။

အင်္ဂလန်ထီးနန်းရဲ့ အစဉ်အလာတွေကို ဆန့်ကျင်ချိုးဖောက်ပြီး ထောင်ထားခြားနားရင်းက အိမ်ရှေ့စံမိဖုရားဘဝကို စွန့်လွှတ်ကျောခိုင်းခဲ့တဲ့ ဒိုင်ယာနာဟာ ကွယ်လွန်သွားချိန်အထိ ပဒေသရာဇ်တွေကို စိန်ခေါ်အနိုင်ယူသွားခဲ့ပါသေးတယ်။ အင်္ဂလိပ်ရွှေနန်းတော်ကြီးရဲ့ ထုံးတမ်းစဉ်လာမှာ နိုင်ငံတော်အလံကို ဘက်ကင်ဟမ်နန်းတော်ကြီးမှာ တိုင်ဝက် လွှင့်ထူရိုးထုံးစံ မရှိခဲ့ပါဘူး။ ဒိုင်ယာနာ ကွယ်လွန်သွားတာနဲ့ နိုင်ငံတစ်နံတစ်လျားမှာရှိတဲ့ အလံတွေကို တိုင်ဝက်ထိ လျှော့ချပြီး ဝမ်းနည်းကြောင်း ပြသကြပေမဲ့ ဘက်ကင်ဟမ်နန်းတော်ကြီးမှာတော့ တိုင်ဝက်လွှင့်ထူသွားခြင်း မရှိပါဘူး။ ဘာအလံမှ လွှင့်ထူထားခြင်းကို မရှိပါဘူး။ အင်္ဂလိပ်တို့ထုံးစံက ဘုရင်မကြီး နန်းတော်ထဲမှာရှိနေရင်

mgyoe.com

mgyoe.com


အလံတော်ကို လွှင့်ထူထားရပါတယ်။ ဘုရင်မကြီး နန်းတော်ထဲမှာ မရှိဘူးဆိုရင် အလံကို ချထားရပါတယ်။

အယ်လီဇဘက်ဘုရင်မကြီးက အပြစ်တင်လွတ်အောင်ဆိုပြီး ဘက်ကင်ဟမ်နန်းတော်မှာ မနေဘဲ တခြားနန်းတော်မှာ သွားနေပါတယ်။ အဲဒီတော့ ဘုရင်မကြီး မရှိတဲ့အတွက် အလံလွှင့်မထားဘူးလို့ ဝိနည်းလွတ်အောင် ပြောနိုင်ဖို့အတွက်ပေါ့။ ဒါပေမဲ့ တစ်နိုင်ငံလုံးက ဝိုင်းပြီး ဝေဖန်ကဲ့ရဲ့ကြတဲ့အတွက် သောကြာနေ့ကျတော့ ဘက်ကင်ဟမ်နန်းတော်ကြီးမှာ အလံတစ်ဝက် လွှင့်ထူထားလိုက်ရပါတယ်။ ဒါတွင် မကသေးပါဘူး။ အဲဒီသောကြာနေ့မှာပဲ ဘုရင်မကြီးကိုယ်တိုင် တိုင်းပြည်ကို တိုက်ရိုက်အသံလွှင့်ပြီး ဝမ်းနည်းစကား ပြောကြားခဲ့ပါသေးတယ်။ ဒါလည်း အစဉ်အလာကို ချိုးဖျက်ပေးလိုက်ခြင်းပါပဲ။ အင်္ဂလန်နိုင်ငံရဲ့ဘုရင်၊ ဘုရင်မတွေဟာ သူတို့ရဲ့ တိုင်းသူပြည်သားတွေကို ခရစ်စမတ် တစ်ချိန်ကလွဲပြီး တိုက်ရိုက်စကားပြောတာမျိုး လုပ်ရိုးမရှိပါဘူး။ အယ်လီဇဘက် ဘုရင်မကြီးရဲ့ နန်းစံသက် ၄၄ နှစ်အတွင်းမှာ တိုင်းပြည်ကို တိုက်ရိုက်စကားပြောတာ နှစ်ကြိမ်သာ ရှိဖူးပါတယ်။ ပထမအကြိမ်က ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားတဲ့အချိန်က ပြောခဲ့ခြင်းဖြစ်တယ်။

ဒိုင်ယာနာဟာ ကွယ်လွန်ချိန်အထိ ပဒေသရာဇ် အစဉ်အလာတွေကို ထောင်ထားခြားနားသွားခဲ့တာပါ။ သူ့ရှာပနကို နန်းတော်ကနေပြီး ဝက်စ်မင်စတာ ကျောင်းတော်ကြီးကို

mgyoe.com

mgyoe.com


သယ်ယူတော့ သူ့ရှာပနယာဉ်ရဲ့ နောက်မှာ ဘယ်မင်းခမ်းမင်းနားတွေမှာမှ မတွေ့ဖူးတဲ့ လက်တွန်းလှည်းနဲ့ ဝေဒနာသည်တွေ၊ ချိုင်းထောက်ကြီးတွေနဲ့ လူတွေ၊ လမ်းလျှောက်တုတ်နဲ့ မျက်မမြင်တွေ၊ အားအင်ချည့်နဲ့နေတဲ့ AIDS ရောဂါသည်တွေ စုစုပေါင်း လူနှစ်ရာလောက် လိုက်ပါလာတာကို တွေ့ခဲ့ရပါတယ်။ အဲဒီလူတွေဟာ ဒိုင်ယာနာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေတဲ့ စေတနာအဖွဲ့အစည်းပေါင်း ၁၁၀ က ကိုယ်စားလှယ်တွေ ဖြစ်ကြပါတယ်။

သူတို့အားလုံးရဲ့ မျက်နှာတွေမှာ ယူကျုံးမရဖြစ်တဲ့ ကြေကွဲရိပ်တွေ လွှမ်းနေကြတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ လေးငါးထပ်လောက် စီတန်းနေတဲ့ လူအုပ်ကြီးထဲက တချို့ဆိုရင် ထိန်းချုပ်မထားနိုင်ဘဲ ငိုကြွေးနေကြတယ်။ အဲဒီလူတွေဟာ ညကတည်းက ဒီနေရာကို ရောက်လာကြပြီး စောင့်ဆိုင်းနေခဲ့ကြရတာ ဖြစ်တယ်။

ဆယ်နာရီနီးပါး တစ်ဆက်တည်းပြနေတဲ့ ဝေလမင်းသမီးရဲ့ ရှာပန အခမ်းအနားကိုကြည့်ရင်း တစ်ကမ္ဘာလုံးက လူတွေ ဘာကြောင့်များ ဒါလောက်ကြီး အုတ်အော်သောင်းတင်း ဖြစ်နေကြတာလဲလို့ စဉ်းစားနေမိတယ်။

ဒီလို ကမ္ဘာကျော် ရှာပနအခမ်းအနားမျိုးတွေ ကြုံဖူးခဲ့ကြည့်ဖူးခဲ့ပါတယ်။ သမ္မတကနေဒီတို့၊ ဂျက်ကလင်းကနေဒီတို့ ရှာပနတွေတုန်းကလည်း ဒီလိုပဲ ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့တာပါပဲ။ ဒါပေမဲ့ လူတွေရဲ့ခံစားမှုတွေမှာ စိတ်မကောင်းဖြစ်ကြပုံ ပြတာထက် မပိုခဲ့ကြဘူး။

mgyoe.com

mgyoe.com


ကျူးဘားကမ်းခြေတက် တိုက်ပွဲကို ဖန်တီးခဲ့တဲ့၊ ဗီယက်နမ်ကို နပမ်း လောင်မီးဗုံးတွေကြဲပြီး လူတွေ အသောင်းအသိန်းချီ သေစေခဲ့တဲ့၊ အမေရိကန်သမ္မတ တစ်ဦးကို "ဓားကိုင်ပြီး ဗိုလ်ကျခဲ့သူတစ်ဦးဟာ ဓားနဲ့ပဲ သေဆုံးရလိမ့်မယ်"ဆိုတဲ့ ဆိုရိုးစကားအတိုင်း ဖြစ်ခဲ့ရတာပဲဆိုပြီး မတုန်မလှုပ် နေနိုင်ခဲ့ကြသူတွေလည်း အများကြီး ရှိခဲ့ကြတယ်။ စစ်အေးတိုက်ပွဲကို စစ်ပူတိုက်ပွဲအဖြစ် ရောက်စေခဲ့ပြီး တတိယကမ္ဘာစစ် အဏုမြူစစ်ပွဲကြီး ဖြစ်လုနီးပါး ဖန်တီးခဲ့သူတစ်ဦး နိဂုံးချုပ်သွားခဲ့ရတာပဲဆိုပြီး ကျိတ်ဝမ်းသာနေကြသူတွေလည်း ရှိခဲ့တယ်။

ဂျက်ကလင်းကနေဒီ သေဆုံးတော့လည်း လူတွေဟာ သိပ်ပြီး ထိထိခိုက်ခိုက် မဖြစ်ခဲ့ကြဘူး။ ငွေအတွက် အိုနာစစ် ကတော်အဖြစ် ခံယူခဲ့တာကို လူတွေက သိပ်ခွင့်မလွှတ်ချင်ကြဘူး။

ဝေလမင်းသမီးကျတော့ ထူးခြားတယ်။ သာမန်အားဖြင့် ကြည့်လိုက်ရင် မိန်းမသားတစ်ယောက်အနေနဲ့ လူပုံအလယ်မှာ ထွက်ပြီး မျက်နှာမပြရဲလောက်အောင် ဖြစ်ခဲ့တဲ့ တိတ်တိတ်ပုန်း အဖြစ်အပျက် သတင်းစကားတွေ၊ "ကျိတ်ပုန်းစား" ဓာတ်လမ်းတွေ၊ "ဒွေးနှစ်ဖော် သံဝါညှိစဉ်က မပြေးသော် ကံရာရှိပါလို့ တန်ပါ အမိရယ်တဲ့ မဘို့မယ်" ဆိုတဲ့ ဓာတ်ပုံ အထောက်အထားတွေ တစ်ပုံကြီးနဲ့ နန်းအိုင်ကြီးထဲက တက်လာနိုင်တော့မယ်လို့ကို မထင်ခဲ့ရဘူး။ မိန်းမ

mgyoe.com

mgyoe.com


သား အတော်များများသာဆိုရင် ဒီနွံအိုင်ကြီးထဲမှာပဲ နစ်မြုပ်ပြီး စိတ်တွေ ကစင့်ကရဲဖြစ်ပြီး ဘဝပျက်သွားခဲ့ကြရရှာတယ်။

ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး "မာရီလင်မွန်ရိုး" ကို ကြည့်လေ။ ကိလေသာ ရွှံ့ညွန်ဗွက်တောကြီးထဲမှာ ကူးရင်းခတ်ရင်းက နစ်မြုပ်သွားခဲ့ရရှာတယ်။

အင်္ဂလန်နိုင်ငံက လက်ရှိတော်ဝင်မိသားစုကို တစ်ကမ္ဘာလုံးက အာရုံစိုက်မိအောင် ပထမဆုံး ဖန်တီးခဲ့သူကတော့ ဘုရင်မကြီးရဲ့ ညီမတော် မာဂရက်မင်းသမီး ဖြစ်တယ်။ ချားလ်မင်းသား မွေးဖွားမလာခင်အထိ ဗြိတိသျှထီးနန်းအရိုက်အရာကို ဆက်ခံမည့်သူအဖြစ် သတ်မှတ်ခြင်းခံရတဲ့ ပင်တိုင်စံ မင်းသမီးကြီး ဖြစ်တယ်။ ငယ်ရွယ်နုပျိုစဉ်က သူ့သတင်းတွေဟာ နေ့စဉ်သတင်းစာတွေမှာ နေ့တိုင်းပါနေခဲ့တာပေါ့။ ထူးထူးခြားခြား နာမည်ကြီးသွားစေခဲ့တာက ရန်ကုန်မှာ မွေးဖွားခဲ့တဲ့ လေတပ်ဗိုလ် ပီတာတောင်းဆင်းနဲ့ ရည်ငံခဲ့တဲ့ သတင်းပါ။

ငယ်ရွယ်နုနယ်သေးတဲ့ မာဂရက်မင်းသမီးဟာ မင်းသမီးဘဝကိုစွန့်ပြီး ချစ်သူနောက်ကို ကောက်ကောက်ပါအောင် လိုက်တော့မည့် အခြေအနေထိ အရှုးအမူး ဖြစ်ခဲ့တယ်။ သူတို့သတင်းတွေဟာ နေ့စဉ်သတင်းစာတွေမှာ ရေးလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့တယ်။ အယ်လိဇဘက်ဘုရင်မနဲ့တကွ ဘုရင်မ မယ်တော်ကြီး အပါအဝင် မဟာနွယ်တွေ

mgyoe.com

mgyoe.com


က မင်းသမီးငယ်ကို အကွပ်အညှပ်ကောင်းကောင်းနဲ့ အုပ်ထိန်းထားနိုင်ခဲ့လေတော့ မာဂရက် မင်းသမီးဟာ ချစ်ဦးသူနဲ့ လွဲခဲ့ရရှာတော့တယ်။ ပီတာတောင်းဆင်းလည်း အင်္ဂလန်ကို စိတ်နာပြီး ပြင်သစ်နိုင်ငံမှာ သွားရောက်အခြေချ နေထိုင်ခဲ့ရှာတယ်။ နောက်တော့ မင်းသမီး မာဂရက်ဟာ တော်ဝင်ဓာတ်ပုံဆရာ အမ်းစထရောင်းနဲ့ ဖူးစာဆုံခဲ့ရတယ်။ ဒီတစ်ချီတော့ သတင်းစာတွေနဲ့ ပြည်သူလူထုကပါ မင်းသမီးမာဂရက်ဘက်က တစ်ခဲနက် ထောက်ခံကြလေတော့ မဟာနွယ်တွေဟာ အလျှော့ပေးခဲ့ကြရတယ်။ သာမန်အရပ်သားတစ်ဦးနဲ့ လက်ထပ်တာကို ခွင့်ပြုခဲ့ရတယ်။ အဲဒီအချိန်မှာ အစ်မတော်ရဲ့ အရိုက်အရာကို ဆက်ခံမည့် သားတော်တွေက ရှိနေပြီဆိုတော့ အင်္ဂလန်ထီးနန်းကို သာမန်အရပ်သားတစ်ဦး ဝင်ရောက်စိုးမိုးလာစရာ အကြောင်းကလည်း မရှိတော့ဘူးလေ။

အမ်းစထရောင်းနဲ့ ပေါင်းဖက်လာပြီး အတော်ကြာတော့ မာဂရက်မင်းသမီးဟာ ခင်ပွန်းနဲ့ ကွာရှင်းပစ်လိုက်တယ်။ အဲဒီနောက် ဟိုလိုလို ဒီလိုလိုသတင်းတွေ ထုံးစံအတိုင်း အများကြီး ပေါ်ထွက်လာခဲ့တယ်။ အဲဒီလို မျက်နှာပူစရာ သတင်းတွေကြောင့် မာဂရက် မင်းသမီးကို လူရှေ့သူရှေ့ သိပ်မထွက်စေတော့ဘူး။ ကြာတော့ လူတွေက မာဂရက်မင်းသမီးကို မေ့လျော့ထားလိုက်ကြတော့တယ်။

မင်းသမီးကြီး မာဂရက်ပြီးရင် အရေးပါဆုံး မင်းသမီးက ဘုရင်မကြီးရဲ့ သမီးတော် အန်းမင်းသမီး ဖြစ်တယ်။

mgyoe.com

mgyoe.com


ကပ္ပတိန်မတ်ဖိလစ်နဲ့ စုံဖက်တော်မူတဲ့ အထိတော့ ပြဿနာ တယ် မရှိလှပါဘူး။ နောက်နှစ် အတော်ကြာတော့ ကြင်ရာ တော်နဲ့ ကွဲကွာသွားတယ်။ အဲဒီနောက် ထုံးစံအတိုင်း "ပွဲ တက်" တွေ သိပ်မလုပ်စေရတော့ဘူးပေါ့။ အဲဒီအချိန်မှာ ဘက်ကင်ဟမ် နန်းတော်ကြီးရဲ့ "ဇန်းတင်လက်ဖက်" က ဒိုင်ယာနာ ဖြစ်နေပြီလေ။ နေရာတကာမှာ သူမပါ ဘယ် ဟာမှမပြီး ဆိုတာမျိုး ဖြစ်နေပြီပေါ့။

"အန်း" မင်းသမီးဟာ ဘုရင်မရဲ့ သမီးတော်ကြီးမို့ လူမှုရေး၊ ဘာသာရေးကိစ္စတွေမှာ ဘုရင်မကြီးရဲ့ကိုယ်စား လိုက်ပါဆောင်ရွက်ခဲ့ရတာတွေ မနည်းလှပါဘူး။ ဘိုးဘွား ရိပ်သာတွေ၊ မိဘမဲ့ကလေး ဂေဟာတွေ၊ မြောက်မြားလှစွာ ရဲ့ ဂုဏ်ထူးဆောင် နာယကကြီးအဖြစ် တာဝန်ယူထားရ တာတွေလည်း နည်းနည်းနောနော မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေက စာနယ်ဇင်းတွေက ဒါတွေကို သိပ်အလေးမထား ကြပါဘူး။ သူ့ရဲ့ကောင်းတဲ့ လုပ်ရပ်တွေက သူ့အနံ့ဆိုး တွေကို ကွယ်ပျောက်သွားအောင် မတတ်နိုင်ခဲ့ဘူးလေ။

ဒီကိစ္စကို ဒိုင်ယာနာမင်းသမီးကိုယ်တိုင်က ထုတ်ဖော် ပြောကြားခဲ့ဖူးပါတယ်။ အင်ဒရူးမင်းသားနဲ့ အန်းသမီးတို့ ဟာ လူမှုရေးကိစ္စတွေမှာ အများကြီး ပါဝင်ဆောင်ရွက်နေ ကြတာ ဖြစ်ပေမဲ့ စာနယ်ဇင်းတွေက လျစ်လျူရှုထားကြ တယ်လို့ အပြစ်တင်ခဲ့ပါတယ်။

တကယ်တော့ စာနယ်ဇင်းတွေနဲ့ ပြည်သူလူထုက လျစ်လျူရှုထားတာ မဟုတ်ပါဘူး။ "သင်စိုက်ပျိုးသော

mgyoe.com

mgyoe.com


အရာကိုသာ သင်ရိုတ်သိမ်းရလိမ့်မည်” ဆိုတဲ့ စကားအတိုင်း ဘယ်သူမပြု မိမိမှုပါ။ သူ့အနံ့အသက်ဆိုးတွေက သူ့ကို လူတောထဲ မတိုးချင်အောင် ဖန်တီးပေးလိုက်တာသာ ဖြစ်ပါတယ်။

အကျင့်ပျက်လို့ ဘဝပျက်ခဲ့ရတဲ့အထဲမှာ မင်းသား အင်ဒရူးရဲ့ ကြင်ရာတော် ဆာရာဖာဂူဆန်က အထင်ရှားဆုံး သာဓက ဖြစ်ပါတယ်။ နုပျိုလန်းဆန်းပြီး သွက်သွက်လက် လက် တက်တက်ကြွကြွနဲ့ ပွင့်လင်းရဲတင်းတဲ့ “ဆာရာ” ဟာ ဒိုင်ယာနာနဲ့တန်းတူ စာနယ်ဇင်းဆရာတွေကြားမှာ ရေပန်းစားလှတဲ့သူအဖြစ် ခဏလေးအတွင်း ရောက်ရှိလာခဲ့ ပါတယ်။ ဒိုင်ယာနာနဲ့လည်း ချစ်ခင်ရင်းနှီးပြီး ဆိုးတိုင်ပင် ကောင်းတိုင်ပင် ဖြစ်ခဲ့ပါတယ်။ ညသန်းခေါင်ယံတွေမှာ နန်းတော်ကြီးက မထင်မရှား အသွင်သဏ္ဌာန်တွေနဲ့ ခိုးထွက် ပြီး ညကလပ်တွေ လျှောက်သွားဖော်သွားဖက်တွေလည်း ဖြစ်ခဲ့ကြပါတယ်။

အခုတော့လည်း ကြင်ရာတော်နဲ့ ကွာရှင်းပြီး အကြွေး ရှင်တွေက တရားစွဲတာတောင် ခံရတဲ့ဘဝ ရောက်နေပါပြီ။ ဒိုင်ယာနာရဲ့ ဈာပန အခမ်းအနားကျင်းပရာ ဝက်စ်မင်စတာ ဝတ်ကျောင်းတော်ကြီးအတွင်းကို ရင်သွေးလေးတွေ လက် ဆွဲပြီး ဝင်ရောက်လာတဲ့ “ဆာရာ” ကို မြင်လိုက်ရတာ တရားကျစရာ ကောင်းလှပါတယ်။ လိုက်လံပျူငှာ ဆီးကြို မည့်သူ၊ နွေးထွေးစွာ လက်ကမ်းမည့်သူတစ်ဦးမှ မရှိဘူး

mgyoe.com

mgyoe.com


လေ။ သူ့ရင်သွေးလေးတွေ သူလက်ဆွဲပြီး ညှိုးညှိုးငယ်ငယ်နဲ့ ဝင်ရောက်လာခဲ့ရရှာတယ်။

ဂျက်ကလင်း ကနေဒီတို့၊ ပင်တိုင်စံ မင်းသမီးကြီး မာဂရက်တို့၊ သမီးတော်ကြီး အန်းတို့၊ ဆာရာဖာဂူဆန်တို့ တစ်တွေဟာ လောကစံလှိုင်းတံပိုးတွေကြားမှာ နစ်မြုပ်သွားရာက ပြန်ပေါ်မလာကြတော့ဘူးလေ။ တဖြည်းဖြည်းနဲ့ မှေးမှိန်သွားရင်း သွားရင်းက ကွယ်ပျောက်သွားကြရတော့မှာပါပဲ။ မိးစာမကုန် ဆီမခန်းသေးပေမဲ့ မီးတောက်က ထမလာနိုင်တော့ပါဘူး။

ဝေလမင်းသမီးကတော့ လေပြင်းရဲ့ဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း မီးတောက်ကို ငြိမ်းမသွားအောင် လုပ်ပြသွားနိုင်ခဲ့တယ်လေ။ တကယ်တော့ မကောင်းတဲ့ အနံ့အသက်တွေ ထွက်တဲ့နေရာမှာ သူကတောင် အားလုံးထက် ပိုပါသေးတယ်။ လွန်ခဲ့တဲ့ တစ်လနှစ်လကပဲ သူဟာ ပါကစ္စတန်နိုင်ငံသား တစ်ယောက်နဲ့ လက်ထပ်တော့မှာမို့ ဆာရီဝတ်တတ်အောင် ကျင့်ဝတ် ဝတ်နေပြီဆိုတဲ့ သတင်းတွေ ထွက်လာခဲ့သေးတယ်။ အခု သူ့ရဲ့ ကွယ်လွန်ချိန်မှာတော့ ပါကစ္စတန်နိုင်ငံသား မဟုတ်တော့ဘူး။ အီဂျစ်က သူဌေးသားအစ္စလာမ်ဘာသာဝင်တစ်ဦး။

တော်ရုံတန်ရုံ မိန်းမသားတစ်ယောက်ဆိုရင် ကျန်ရစ်သူ မိသားစုတွေက တိုးတိုးတိတ်တိတ် ဖုံးဖုံးဖိဖိနဲ့ လုပ်သွားကြပြီး လူအများကလည်း ဒါလောက် အုတ်အော်သောင်းတင်း ဖြစ်ခဲ့မှာ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


အခုတော့ ကမ္ဘာပေါ်မှာ လူစိတ်ဝင်စားမှု အခံရဆုံး ဗျာပနကြီးတစ်ခု ဖြစ်ခဲ့ရတယ်လေ။ ဘာကြောင့် ဒီလောက် ဖြစ်ခဲ့ရသလဲဆိုတာကို စဉ်းစားကြည့်လိုက်မိတယ်။

တကယ်တော့ ဝေလမင်းသမီးဟာ သူတို့အနောက် နိုင်ငံသားတွေရဲ့ စံအရပြောရရင် သိပ်ချောအလှကြီး မဟုတ် ပါဘူး။ သူတို့အနောက်နိုင်ငံသားတွေက လိင်ဆွဲဆောင်မှု ရှိတဲ့ သူမျိုးကိုမှ အလှလို့ သတ်မှတ်ကြတာ မဟုတ်လား။ ဂျက်ကလင်းကနေဒီတို့၊ ဆိုဖီယာလော်ရင်းတို့ဆို သူတို့ဟာ သိပ်လှတာပေါ့။ အရှေ့တိုင်းသား မျက်စိတွေမှာတော့ ဂျက် ကလင်းရော၊ ဆိုဖီယာရော လှတယ်မထင်ပါဘူး။ ဂျက် ကလင်းက နှာခေါင်းလန်ပြီး မျက်စိ ပြူးကြောင်ကြောင်နဲ့။ ဆိုဖီယာကျတော့ နှုတ်ခမ်းထူထူ ပါးစပ်ပြဲပြဲ။

ဒိုင်ယာနာရဲ့ရုပ်က ရိုးရိုးစင်းစင်းနဲ့ အပြစ်ကင်းတဲ့ ရုပ်မျိုး၊ ရင်ထဲကို အေးချမ်းသွားစေတဲ့ မျက်နှာမျိုး၊ အရှေ့ တိုင်းသားရဲ့အကြိုက် အလှမျိုး။ အဲဒီတော့ သူ့ကို ချောလို့ လှလို့ နာမည်ကျော်တာပါလို့ ပြောလို့မရနိုင်ဘူး။ သူတို့ အနောက်တိုင်းမျက်စိမှာတော့ "ဆာရာ"ကမှ ပိုပြီး လှနေပါ လိမ့်ဦးမယ်။

အဲဒီလိုဆိုရင် သူဘာကြောင့် ဒါလောက်ကြီး လူတွေရဲ့ အသည်းနှလုံးကို ယူကျုံးဆွဲငင်ထားနိုင်ရတာလဲ။ သူ့ရဲ့ ဆွဲငင်အားက ဘာလဲ ။

တစ်ကမ္ဘာလုံးက လူတွေ လက်ခံထားကြတဲ့ အချက် ကတော့ ဒိုင်ယာနာရဲ့ ဆွဲငင်အားဟာ သူရဲ့ "ကရုဏာ

mgyoe.com

mgyoe.com


တရား"။ သူ့ရှာပန အခမ်းအနားမှာ ချိုင်းထောက်တွေ၊ တွန်းလှည်းတွေနဲ့ စီတန်းလိုက်ပါလာကြတဲ့ "ကံမလှသူ" တွေ အပေါ်မှာ ထားရှိခဲ့တဲ့ သူ့ကရုဏာစိတ်၊ မေတ္တာစိတ် ဟာ သူ့ရဲ့အကြီးမားဆုံး ဆွဲငင်အား။ အဲဒီ "ကံမလှသူ" တွေရဲ့ အသင်းအပင်း အဖွဲ့အစည်းတွေကလည်း နည်း နည်းနောနော မဟုတ်ဘူး။ ဝတ်ကျေတန်းကျေ လုပ်တာ မဟုတ်ဘူး။ လူအထင်ကြီးအောင် ရုပ်ပြကောင်းအောင် "လုပ်ပြ" နေတာမျိုး မဟုတ်ဘူး။

ဘုရင်မကြီးရဲ့ ညီမတော်တွေ၊ သားတော် သမီးတော် တွေဟာ ထုံးထမ်းစဉ်လာအရ လူမှုရေး သာရေး နာရေး အသင်းအဖွဲ့ အမျိုးမျိုးတွေမှာ ဂုဏ်ထူးဆောင် နာယက အဖြစ် လုပ်ဆောင်ကြရပါတယ်။ ဘိုးဘွားရိပ်သာဖွင့်ပွဲတို့၊ မိဘမဲ့ကလေးများ ဂေဟာဖွင့်ပွဲတို့၊ ဆေးရုံဖွင့်ပွဲတို့မှာ အမြဲ တက်ရောက် ဖွင့်လှစ်ပေးနေကြရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ဒိုင်ယာနာလောက် ထင်ရှားပေါ်လွင် ဖြစ်မလာ ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ တခြားသူတွေက တာဝန် ဝတ္တရားတစ်ခုကို ထမ်းဆောင်တဲ့အနေမျိုး လုပ်ဆောင်ခဲ့ ကြတာဖြစ်ပြီး ဒိုင်ယာနာကတော့ တကယ့်ကို စိတ်ပါလက် ပါ လှိုက်လှိုက်လှဲလှဲကြီး ဆောင်ရွက်ခဲ့လို့ ဖြစ်ပါတယ်။ ဒီအချက်က အိမ်ရှေ့မင်းသမီး မဟုတ်တော့တဲ့အချိန်မှာ သိသာပေါ်လွင်လာခဲ့ပါတယ်။ ချားလ်မင်းသားနဲ့ တရားဝင် ကွာရှင်းပြီးနောက်မှ ဒိုင်ယာနာမှာ ဘာတာဝန်ဝတ္တရား

mgyoe.com

mgyoe.com


အနှောင်အဖွဲ့မှ မရှိတော့ပါဘူး။ သူနေချင်သလို လွတ်လွတ်လပ်လပ်ကြီး တင်ရာစိုင်းနေလို့ ရပါတယ်။ ဒါပေမဲ့ သူ ထင်ရာမစိုင်းခဲ့ရှာပါဘူး။ ငယ်ရွယ်သူတို့ သဘာဝ စိတ်ဝေဒနာတွေ ပြင်းထန်လာတဲ့အခါမှာ သာယာမှုကို ရှာကြံပြီး နေခဲ့တာတွေ၊ လုပ်ခဲ့တာတွေတော့ ရှိမှာပေါ့။

ဒါပေမဲ့ ဒိုင်ယာနာဟာ မွန်ရိုးလို၊ ဆာရာဖာဂူဆန်လို လောကီအာရုံ ကာမဂုဏ်တွေထဲမှာချည်း မျောပါမနေဘူး။ မာဂရက်တို့၊ အန်းတို့လို ဂုဏ်ပကာသနတွေ အဆောင်ယောင်တွေထဲမှာချည်း သာယာမနေဘူး။ ရတတ်သမျှ အချိန်ကလေးအတွင်းမှာ လူ့လောကရဲ့ အပယ်ခံ AIDS ရောဂါသည်တွေကို ပြုစုစောင့်ရှောက်ခဲ့၊ အားပေးနှစ်သိမ့်ခဲ့တယ်။ အပြစ်မဲ့ကလေးသူငယ်တွေနဲ့ အရပ်သူအရပ်သားတွေကိုသာ အများဆုံး ထိခိုက်စေခဲ့တဲ့ မြေမြှုပ်ဗုံး သုံးစွဲခြင်း လုပ်ရပ်တွေကို လုံးဝ ပိတ်ပင်တားမြစ်ရေးအတွက် လှုံ့ဆော်စည်းရုံးခဲ့တယ်။ သူအားတက်သရော ပါဝင်ဆောင်ရွက်ခဲ့တဲ့ လူမှုရေးအဖွဲ့အစည်းပေါင်းဟာ ၁၁၀ ကျော်တောင် ရှိခဲ့တယ်တဲ့။

ဒီလိုလူသားတွေရဲ့ ကောင်းကျိုးချမ်းသာအတွက် လုပ်ဆောင်ခဲ့တဲ့ ကောင်းမှုတွေက များလွန်းတော့ သူ့အပြစ်အနာအဆာတွေဟာ မှေးမှိန်သွားခဲ့ရတယ်လေ။ သူ့အပြစ်အနာအဆာ ဆိုတာတွေဟာလည်း နည်းနည်းနောနော မဟုတ်ပါဘူး။ အသေးအဖွဲတွေ မဟုတ်ပါဘူး။ လူ့အဖွဲ့

mgyoe.com

အစည်းရဲ့ လက်ရှိ ဓလေ့ထုံးစံတွေနဲ့ ယဉ်ကျေးမှုတွေက အကြီးဆုံးလို့ သတ်မှတ်ထားခြင်းခံရတဲ့ ပြစ်မှုတွေ ဖြစ်ပါတယ်။ သူ့ကို ချစ်ဖို့ခင်ဖို့ မပြောနဲ့ ခွင့်လွှတ်ချင်ဖို့တောင် မကောင်းတဲ့ ပြစ်မှုတွေပါ။ ဒါပေမဲ့ သူ့အပြစ်တွေကို လူတွေက အချစ်နဲ့ဖုံးလိုက်ကြတယ်။ သူတစ်ပါးတွေအပေါ်မှာ ကရုဏာပေးခဲ့တဲ့သူ့ကို လူအများက ပြန်ပြီး ကရုဏာပေးခဲ့တယ်။ "လူတွေရဲ့ နှလုံးသားထဲက မင်းသမီးလေး" ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ သူ့ကို ချီးမြှောက်ခဲ့ကြတယ်။

ဒိုင်ယာနာဟာ တကယ်တော့ "စနစ်ဆိုးကြီး"ရဲ့ သားကောင်ဖြစ်ခဲ့ရတဲ့ မိန်းကလေးပါ။ ပင်ကိုက သူဟာ တကယ့် "ကရုဏာရှင်မလေး" ဖြစ်ပါတယ်။ မဟာဆိမဟာသွေးဖြစ်ပြီး ပစ္စည်းဥစ္စာနဲ့ ပြည့်စုံကြွယ်ဝတဲ့ ဒိုင်ယာနာဟာ မလုပ်ဘဲမကိုင်ဘဲ အေးအေးလေး ထိုင်စားနေလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သူမနေခဲ့ပါဘူး။ ကလေးထိန်းကျောင်းဆရာမလေးအဖြစ် ဝင်လုပ်ပြီး ပျော်ရွှင်ကျေနပ်နေခဲ့ပါတယ်။ ချားလ်မင်းသားနဲ့ ဖူးစာဆုံခဲ့ခြင်းက ဒိုင်ယာနာအတွက် ကြမ္မာငင်ခဲ့ရသလို ဖြစ်သွားရပါတယ်။

ရိုးရိုးအေးအေးလေးနဲ့ ကလေးလေးတွေကို ချစ်တတ်တဲ့ ဆရာမလေး ဒိုင်ယာနာဟာ ဘက်ကင်ဟမ်နန်းတော်ကြီး အဝန်းအဝိုင်း ရောက်သွားလေတော့ ဂုဏ်တွေ၊ သိက္ခာတွေ၊ အချုပ်အချယ်တွေနဲ့ တုပ်နှောင်ခြင်းကို ခံရပါတော့တယ်။ မွေးရာပါတည်းက နန်းတော်တိုင်ကို ဖက်ပြီး ကြီးလာ

.mgyoe.com

mgyoe.com


ခဲ့ရတဲ့ မာဂရက်တို့၊ အန်းတို့၊ ချားလ်တို့၊ အင်ဒရူးတို့လို လူမျိုးတွေကိုတောင် ရှေးဟောင်းဓလေ့ထုံးစံတွေ၊ ပဒေသ ရာဇ် အတွေးအမြင်တွေနဲ့ ချုပ်နှောင်ထားလို့ မရခဲ့တာကို နန်းတော်ကြီးထဲက မိသားစုတွေ သင်ခန်းစာ မယူတတ်ခဲ့ ကြဘူး။

နန်းတော်ကြီးထဲက မိသားစုကလူတွေ အားလုံးကို အိမ်မွေးတိရစ္ဆာန်လေးတွေလို သဘောထားနေခဲ့ကြပါတယ်။ ဘယ်ရာသီကျရင် ဘယ်နန်းတော်မှာ နေရမယ်၊ ဘယ်လမှာ ဘာလုပ်ရမယ်၊ ဘယ်နေ့ကျရင် မြင်းပွဲသွားကြည့်ရမယ်။ ဘယ်နေ့မှာ ဘာဖွင့်ပွဲ သွားတက်ရမယ် စသဖြင့် ညွှန်ကြား ချက်တွေအတိုင်း တစ်သဝေမတိမ်း လိုက်လုပ်နေရတာ ဖြစ် ပါတယ်။ နှစ်ဆယ့်တစ်ရာစုရဲ့ လူသားများလို့ အခေါ်ခံကြ ရတော့မည့် ဒိုင်ယာနာတို့၊ ဆာရာတို့တစ်တွေက ဟိတ်ကြီး ဟန်ကြီးနဲ့ ဝင့်ဝါနေကြတာမျိုးတွေကို မနှစ်မြို့ကြဘူး။ သူတို့တစ်တွေက လူငယ်တွေပဲ။ လူငယ်သဘာဝ အချုပ် အချယ် ကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေချင်ကြတယ်လေ။ အဲဒီတော့ တစ်ခါတစ်ခါ ညဘက် မိုးချုပ်သန်းခေါင်မှာ နန်းတော်ထဲက လစ်ထွက်ပြီး လန်ဒန် သား လူငယ်လေးတွေ မြူးတူးပျော်ရွှင်ကြတဲ့ နေရာတွေကို သွားတတ်ကြတယ်။ တစ်ခါတလေ ဘုရင်မကြီးရဲ့သားတော် ဆာရာရဲ့ ကြင်ရာ အင်ဒရူးမင်းသားတောင် ပါလိုက်သေး တယ်။

mgyoe.com

mgyoe.com


လူငယ်တွေဆိုတာ လူငယ်လိုပဲ နေချင်တာပေါ့။ ဘာ အာဏာမှလည်း တကယ်ရှိတာ မဟုတ်ဘဲနဲ့ ဟိတ်ဟန် ထုတ် ဝင့်ကြွားပြဖို့အတွက်လေး သက်သက်နဲ့ ရာဇဣန္ဒြေ ထိန်းနေရတာမျိုးကို ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ လူငယ်တွေ က ထင်မြင်လာကြပြီလေ။

ဒိုင်ယာနာဟာ စနစ်ရဲ့ သားကောင်ပါ။ အစဉ်အလာ ဟောင်းကြီးတွေကို ဖယ်တွယ်ထားချင်ကြတဲ့ အင်္ဂလိပ် ပဒေသရာဇ်စနစ်ကြီးက နုပျိုလန်းဆန်းတဲ့ "အင်္ဂလန်ရဲ့ နှင်းဆီပန်းလေး" ကို ချေမွပစ်လိုက်တာ ဖြစ်ပါတယ်။

ဒိုင်ယာနာက လူတွေရဲ့ အသည်းနှလုံးကို ယူကျုံး ဆွဲငင်နိုင်ခဲ့တဲ့ ဒုတိယဆွဲငင်အားကတော့ အင်္ဂလိပ်ပဒေသ ရာဇ် စနစ်ကြီးတစ်ခုလုံးကို တစ်ယောက်တည်း အာခံ ဆန့် ကျင်ခဲ့တဲ့အချက် ဖြစ်ပါတယ်။ ဒိုင်ယာနာက လူငယ်ပီပီ ခေတ်နောက်ပြန်ဆွဲနေတဲ့ နန်းတော်ကြီးထဲက မင်းခမ်း မင်းနားတွေ၊ အဆောင်အယောင် ဂုဏ်ပကာသနတွေကို စက်ဆုပ်တယ်။ တကယ်က ဘာမှနားမလည်ဘဲနဲ့ ပြတိုက် ကြီးတွေထဲသွားပြီး ပန်းချီကားတွေ လျှောက်ကြည့်ပြနေ ရတာမျိုးကို သူက မကြိုက်ဘူး။ တော်ဝင်မိသားစုတွေက ဘဲလေးဇာတ်ရုံကြီးထဲ သွားပြီး အိပ်ငိုက်နေကြချိန်မှာ ဒိုင်ယာနာတို့၊ ဆာရာတို့၊ အင်ဒရူးတို့က ရိုးလင်းစတုန်းရဲ့ ပွဲထဲရောက်ချင် ရောက်နေတတ်တယ်။ တစ်ခါများ ပါလီမန် အစည်းအဝေးကြီး လုပ်နေတဲ့အထဲမှာ ဝတ္တရားအရ တက်

mgyoe.com

mgyoe.com


ရောက်နေရတဲ့ ဒိုင်ယာနာ ထိုင်ရင်း အိပ်ပျော်နေတာတောင် တွေ့ရဖူးတယ်။ ပိုးဖဲကတ္တီပါတွေ စိန်ရောင် ရွှေရောင်တွေ တပြောင်ပြောင် တဝင်းဝင်းနဲ့ ဖွင့်ပွဲအခမ်းအနားကြီးတွေ သွားဖွင့်ပေးရတာမျိုးကို ဒိုင်ယာနာက မကြိုက်ဘူး။ လွတ်လွတ် လပ်လပ် သွားခွင့်ရတဲ့ အခါမျိုးတွေဆိုရင် သူဟာ ကိုယ်ရေပြားရောဂါသည်တွေရဲ့ ဆေးရုံတို့၊ သေခါနီး AIDS ရောဂါသည်တွေရဲ့ အိပ်ရာဘေးတို့၊ ကင်ဆာဝေဒနာသည်တွေရဲ့ အလယ်တို့ စတဲ့နေရာတွေမှာ သူ ရောက်နေတတ်တယ်။

ဘက်ကင်ဟမ်နန်းတော်ကြီးထဲက ပုဂ္ဂိုလ်တွေက ဒိုင်ယာနာဟာ ထီးနဲ့နန်းနဲ့မတန်ဘူး၊ အရပ်သူဆန်တယ်လို့ သတ်မှတ်ကြတယ်။ ဒိုင်ယာနာကို နှာခေါင်းရှုံ့ကြတယ်။ အဲဒီတော့ ဒိုင်ယာနာဟာ အရွဲ့တိုက်ပြီး ပို အရပ်သူဆန်အောင် နေပြတယ်။ ခေတ်လူငယ်တွေအဖို့ ဒိုင်ယာနာဟာ သူ့ရဲကောင်းမလေး ဖြစ်နေတော့တာပေါ့။ ခေတ်လူငယ်တွေက ဘုရင်စနစ်ဟာ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပြီလို့ သိမြင်နေကြပြီလေ။ ဘုရင်မရဲ့ တော်ဝင်မိသားစုတွေနဲ့ တော်ဝင်အနွယ်တော်တွေကို ထိန်းသိမ်းထားရတဲ့ စရိတ်က တစ်နှစ်တစ်နှစ်ကို နည်းတာမှ မဟုတ်တာ။

အခုတော့ "လေပြင်းထဲက ဖယောင်းတိုင်လေး" အမှတ်မထင် ငြိမ်းသွားခဲ့ရပြီ။ "အင်္ဂလန်ရဲ့ နှင်းဆီပွင့်လေး" ကြွေခဲ့ရပြီ။ ဒါပေမဲ့ လူတွေရဲ့ "နှလုံးသားထဲက

mgyoe.com